နေ့စွဲ။ ။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၂၁ ရက်နေ့

**သို့**

**ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူနိုင်ငံများ၏ ကိုယ်စားလှယ်များ**

**အကြောင်းအရာ။ ။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ဘေးကာလအတွင်း ဆိုးရွားစွာ ဖြစ်ပွားနေသော လူ့အခွင့်အရေးအခြေအနေများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအရပ်ဘက်လူထုအဖွဲ့အစည်းများမှ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကောင်စီထံသို့ အိတ်ဖွင့်ပေးစာ။**

ဂုဏ်သရေရှိလူကြီးမင်းများရှင့်/ခင်ဗျား

မိမိတို့ မြန်မာနိုင်ငံအရပ်ဘက်လူထုအဖွဲ့အစည်းပေါင်း (၃၆၄) ဖွဲ့မှ စက်တင်ဘာလ ၂၁ ရက်နေ့၌ ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့တွင် ကိုဗစ်-၁၉ ကပ်ဘေးကာလအတွင်း ဆိုးရွားစွာ ဖြစ်ပေါ်နေလျက်ရှိသော မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ၊ တိုင်းရင်းသားဒေသများတွင် ပြင်းထန်စွာ ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခ အခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှု ကင်းမဲ့နေသည့် အခြေအနေများကို တင်ပြရင်း မြန်မာနိုင်ငံရှိ ပြည်သူလူထုအားလုံး၏ အခွင့်အရေးများကို လေးစားအသိအမှတ် ပြုပြီး ကာကွယ်စောင့်ရှောက်ပေးရန်၊ နှင့် ယခုကဲ့သို့ ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်ပွားနေချိန်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ် António Guterres မှ တောင်းဆိုထားသော ကမ္ဘာလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး (Global Ceasefire) ကို မြန်မာနိုင်ငံအနေဖြင့် လေးစားလိုက်နာစေရေး လုပ်ဆောင်ပေးပါရန် လူ့အခွင့်အရေးကောင်စီအား တိုက်တွန်းအပ်ပါသည်။

ကမ္ဘာပေါ်တွင် တစ်ခါမျှမကြုံဖူးသော ယခု ကိုဗစ်-၁၉ ကပ်ဆိုးကြီးကို ကမ္ဘာ့နိုင်ငံအသီးသီးမှ ခါးသီးစွာ ရင်ဆိုင်ခံစားနေကြရာတွင် မိမိတို့မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်ပါသည်။ ကမ္ဘာတလွှားမှ ဤကပ်ဆိုးကြီးကို အံတုတုံ့ပြန်ဖြေရှင်းရန် ကြိုးစားနေချိန်တွင် မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ကို အကာအကွယ်ယူပြီး ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် စစ်ဆင်ရေးများ တိုးမြှင့်လုပ်ဆောင်သဖြင့် လက်နက်ကိုင်ပဋိပက္ခများ ပြင်းထန် လာခြင်းနှင့်အတူ ထိုဒေသများရှိ အပြစ်မဲ့ပြည်သူများသည် မတရားဖမ်းဆီးနှိပ်စက်ခံရခြင်း၊ မုဒိမ်းကျင့်ခံရခြင်း၊ ဥပဒေမဲ့သတ်ဖြတ်ခံရခြင်း စသည့် စစ်၏အနိဋ္ဌာရုံ အောက်တွင် အကာအကွယ်မဲ့စွာ ကျရောက်နေရမှုအပေါ် မိမိတို့မှ အထူးစိုးရိမ်ပူပန်မိပါသည်။

ရခိုင်ပြည်နယ်အခြေစိုက် Development Media Group သတင်းဌာန၏ သတင်းဖော်ပြချက်အရ ပြီးခဲ့သော စက်တင်ဘာလ ၃ ရက်နေ့ ည ၉း၃၀ နာရီခွဲအချိန်ခန့်တွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ဘုရားပေါင်း ကျေးရွာနှင့် တောင်ပေါက်ကျေးရွာ နှစ်ရွာလုံးကို မြန်မာစစ်တပ်မှ မီးရှို့ပြာကျစေခဲ့ကြောင်း သိရပါသည်။ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)၏ မှတ်တမ်းအရ ထိုကျေးရွာ နှစ်ရွာလုံးတွင် အိမ်အလုံးရေ (၁၉၀) နီးပါး မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ထိုတစ်ရက်တည်းတွင်ပင် ရွာသား (၂)

ဦးလည်း အသတ်ခံ ခဲ့ရသည်။ ထို့အပြင် စက်တင်ဘာလ ၈ ရက်နေ့၌ မြန်မာစစ်တပ်ဘက်မှ လက်နက်ကြီးပစ်ခတ်မှုကြောင့် မြေပုံမြို့နယ်ရှိ ညောင်ကန်ရွာထဲ ကျည်ကျသဖြင့် အပြစ်မဲ့ကလေး (၂) ဦးအပါအဝင် စုစုပေါင်းရွာသား (၄) ဦး ကျည်ထိမှန်သေဆုံးပြီး (၁၁) ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မကောင်းစွာ ကြားသိရပါသည်။ တစ်ဖန် ပြီးခဲ့သော စက်တင်ဘာလ ၁၇ ရက်နေ့တွင် ရသေ့တောင်မြို့နယ် ရွှေလောင်းတင် ကျေးရွာ၌ မြန်မာစစ်တပ်၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ၄၃ နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးသွားပြီး အရပ်သား (၂) ဦး ဒဏ်ရာ ရရှိခဲ့သည်။

သုတေသနနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ခုဖြစ်သော မြန်မာ့အရေးလေ့လာသူများအဖွဲ့(BM)၏ မှတ်တမ်းများအရ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁၀ ရက်နေ့အထိ လက်နက်ကိုင် ပဋိပက္ခများနှင့် ထိုပဋိပက္ခများအတွင်း ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ အရပ်သား သေဆုံးသူ ဦးရေ စုစုပေါင်း (၄၃၂) ဦးနှင့် ထိခိုက်ဒဏ်ရာ ရရှိသူ (၇၇၅) ဦး ရှိခဲ့သည်။ ထိုအထဲတွင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း အရပ်သား သေဆုံးမှု (၂၉၅) ဦးနှင့် ထိခိုက်ဒဏ်ရာ ရရှိသူ (၆၇၄) ဦး ပါဝင်ကြောင်း သိရသည်။

ထိုအဖြစ်အပျက်များကို ပို၍ ဆိုးရွားစေသည်မှာ ထိုဒေသများရှိ အပြစ်မဲ့ပြည်သူများသည် ပဋိပက္ခ၏ မြေစာပင် ဖြစ်နေရရုံသာမက ကပ်ဆိုး၏ဒဏ်ကိုပါ ခံစားနေရသည့်ကြားတွင် မြန်မာအစိုးရ၏ သတင်းအချက်အလက် အမှောင်ချထားမှုကိုလည်း ခံစားနေကြရသည်။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ ပလက်ဝဒေသကို မြန်မာအစိုးရမှ လုံခြုံရေးအကြောင်းပြချက်ဖြင့် အင်တာနက်လိုင်း ဖြတ်တောက်ထားခဲ့သည်မှာ တစ်နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည့်အတွက် ပြည်သူများသည် ကိုဗစ်-၁၉ နှင့် စစ်ပွဲဆိုင်ရာ သတင်းအချက်အလက်ကို လက်လှမ်းမမီနိုင်ဘဲ စိုးရိမ်ဖွယ်ကောင်းသော အခြေအနေအောက်တွင် ရှိနေပါသည်။ မြန်မာအစိုးရ၏ ယခုကဲ့သို့သော လုပ်ဆောင်နေမှုများသည် ပြည်သူလူထု၏ အခြေခံ အခွင့်အရေးများကို ချိုးဖောက်နေရုံသာမက စစ်ရာဇဝတ်မှုများ နှင့် လူသားမျိုးနွယ်အား ဆန့်ကျင်သော ရာဇဝတ်မှုများမြောက်နိုင်သည့် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှု များကို မြန်မာပြည်သူလူထုနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ မျက်ကွယ်တွင် မြန်မာစစ်တပ်မှ ကျူးလွန်နိုင်စေရန် လမ်းဖွင့်ပေးထားခြင်းနှင့်အတူတူပင် ဖြစ်သည်။

ထို့မျှသာမက မြန်မာအစိုးရအာဏာပိုင်များသည် စစ်ပွဲများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ရပ်တန့်ရန်နှင့် အင်တာနက်ဖြတ်တောက်မှုအား ပြန်ဖွင့်ပေးရန် တောင်းဆိုသူများကိုလည်း ကိုဗစ်-၁၉ အား အကြောင်းပြု၍ မတရားဖမ်းဆီးမှုများ၊ ဖိနှိပ်မှုများနှင့် မတရားပိတ်ပင်တားဆီးမှုများ ပြုလုပ်ကာ ဒီမိုကရေစီနှင့် အရပ်ဘက် လူထုအဝန်းအဝိုင်းကို ပိုမိုကျဉ်းမြောင်းစေရန် တမင်ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေမှုများအပေါ် မိမိတို့အနေဖြင့် အထူးစိုးရိမ်ပါသည်။

စက်တင်ဘာလ ၉ ရက်နေ့တွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့၌ စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြခဲ့သော ရခိုင်ပြည်ကျောင်းသားသမဂ္ဂမှ ကျောင်းသား (၃) ဦးကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ တို့ဖြင့် မတရားဖမ်းဆီး အရေးယူခဲ့သည်။ ထို့နောက် စက်တင်ဘာလ ၁၀ ရက်နေ့ မန္တလေးမြို့တွင် အလားတူ စစ်ပွဲဆန့်ကျင်ရေးလှုပ်ရှားမှု

ပြုလုပ်ခဲ့သော ဗကသအဖွဲ့ချုပ်ဝင် ကျောင်းသား (၁၃) ဦး သည်လည်း ငြိမ်း၊ စု၊ စီ ဥပဒေပုဒ်မ ၁၉ ဖြင့် အမှုဖွင့် အရေးယူခံရပြီး စက်တင်ဘာလ ၁၂ ရက်နေ့ ရန်ကုန်မြို့၌ စစ်ပွဲဆန့်ကျင်ရေး စတစ်ကာကမ်ပိန်း ပြုလုပ်ခဲ့မှုကြောင့် ဗကသအဖွဲ့ချုပ်ဝင် ကိုဝေယံဖြိုးမိုးနှင့် ကိုပိုင်မင်းခန့်တို့ကို အာဏာပိုင်ရဲများမှ အချိန်မတော် ညအချိန်တွင် ၎င်းတို့ နေအိမ်သို့ ဝင်ရောက်စီးနင်း ဖမ်းဆီးခဲ့ပြီး ငြိမ်း၊ စု၊ စီ ဥပဒေပုဒ်မ ၁၉ ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။ ထိုကဲ့သို့ စစ်ပွဲများရပ်တန့်ရေးနှင့် ငြိမ်းချမ်းအရေးအတွက် တောင်းဆိုဆန္ဒပြသော ငြိမ်းချမ်းရေးလိုလားသူ လူငယ်များအား အာဏာပိုင်အစိုးရမှ ဖမ်းဆီးဖိနှိပ် အရေးယူနေခြင်းသည် တစ်နည်းအားဖြင့် မြန်မာအစိုးရမှ စစ်မှန်သော ငြိမ်းချမ်းရေးကို မလိုလားကြောင်း ပြသနေခြင်း ဖြစ်သည်ဟု မိမိတို့မှ နားလည်သဘောပေါက်မိပါသည်။

မြန်မာအစိုးရနှင့် မြန်မာစစ်တပ်တို့သည် ကိုဗစ်-၁၉ ကပ်ဘေးကို လက်နက်သဖွယ်အသုံးချကာ နိုင်ငံရေး အမြတ်ထုတ်မှုများအတွက် ဆက်လက်လုပ်ဆောင်နေသည်ကို တွေ့ရှိရပြီး ကိုဗစ်-၁၉ ဖြစ်သည့် အချိန်မှစ၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ချိုးဖောက်မှုနှင့် ကပ်ရောဂါကာလ စည်းကမ်းချိုးဖောက်မှုတို့ဖြင့် လူပေါင်း (၂၀,၀၀၀) နီးပါးကို လက်ရှိအစိုးရအနေဖြင့် အရေးယူခဲ့ကြောင်း Radio Free Asia ၏ မြန်မာအစီအစဉ်မှတစ်ဆင့် သိရှိရသည်။ ဒီမိုကရေစီဖော်ဆောင်မည်ဟု ကြွေးကြော်နေသော လက်ရှိ မြန်မာအစိုးရသည် ပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသော ဒုက္ခပြဿနာများကို ဦးစားပေး ကိုင်တွယ်ဖြေရှင်းရန် မကြိုးစားဘဲ မျက်ကွယ်ပြုကာ ကိုဗစ်-၁၉ အကျပ်အတည်းကာလ အတွင်းတွင်ပင် လာမည့် နိုဝင်ဘာလ ၈ ရက်နေ့ အထွေထွေရွေးကောက်ပွဲဖြစ်မြောက်ရေးကိုသာ အဓိက အာရုံထား စီမံဆောင်ရွက် နေခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုအပေါ် ဖိနှိပ်အရေးယူခြင်းများကြောင့် ပြည်သူလူထုအနေဖြင့် လာမည့်ကာလတွင် ပိုမိုဆိုးရွားဖွယ်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများအား ဒီထက်မက ကြုံတွေ့ခံစားရမည်ကို မိမိတို့ အရပ်ဘက်လူထုအဖွဲ့အစည်းများမှ အထူးစိုးရိမ်မိပါသည်။

ကမ္ဘာတစ်ဝှမ်းလုံးမှ ကိုဗစ်-၁၉ ကပ်ဘေးကို ခါးသီးစွာကြုံတွေ့နေရချိန်တွင် မြန်မာနိုင်ငံရှိ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် တခြားသောတိုင်းရင်းသားဒေသများရှိ အပြစ်မဲ့ပြည်သူများအား ပစ်မှတ်ထား တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေခြင်းသည် စစ်ရာဇဝတ်မှုမြောက်ပြီး မြန်မာနိုင်ငံမှ လက်မှတ်ထိုးထားသော ဂျီနီဗာ သဘောတူစာချုပ်များကိုလည်း ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေရုံသာမက လူသားမျိုးနွယ်အား ဆန့်ကျင်သော ရာဇဝတ်မှုများကိုပါ ကျူးလွန်နေခြင်းပင် ဖြစ်သည်။ ထို့ကြောင့် မိမိတို့ အရပ်ဘက်လူထု အဖွဲ့အစည်းများအနေဖြင့် မြန်မာစစ်တပ်မှ ကျူးလွန်နေသော စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အား ဆန့်ကျင်သော ရာဇဝတ်မှုများအတွက် တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု ရရှိစေရေး အလေးအနက်ထား လုပ်ဆောင်ရန် လူ့အခွင့်အရေးကောင်စီအား အောက်ပါအတိုင်း ဆောင်ရွက်ပေးပါရန် တိုက်တွန်းတောင်းဆို အပ်ပါသည်။

- မြန်မာစစ်တပ်မှ ကိုဗစ်-၁၉ ကပ်ဘေးအား အကာအကွယ်ယူ လုပ်ဆောင်နေသည့် တိုင်းရင်းသား ဒေသများရှိ ပြင်းထန်သော ထိုးစစ်ဆင်နေမှုများအားလုံး ချက်ချင်းရပ်တန့်ရေးနှင့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် António Guterres ၏ ကမ္ဘာလုံးဆိုင်ရာ အပစ်ခတ်ရပ်စဲရေး တောင်းဆိုမှုကို မြန်မာအစိုးရနှင့် မြန်မာစစ်တပ်တို့မှ လေးစားလိုက်နာရေး လုပ်ဆောင်ပေးရန်၊

- ဒီမိုကရက်တစ်ဘက်တော်သားများ၊ ငြိမ်းချမ်းရေးလိုလားသူများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ များနှင့် တက်ကြွလှုပ်ရှားသူများအား မတရား ဖမ်းဆီးဖိနှိပ် အရေးယူမှုများ ချက်ချင်းရပ်တန့်ရေး၊ ဖမ်းဆီးထိန်းသိမ်းထားသူများကို ချွင်းချက်မရှိ လွှတ်ပေးရေးနှင့် ၎င်းတို့အား စွဲဆိုထားသော အမှုများအားလုံး ရုပ်သိမ်းပေးရေးတို့ကို လုပ်ဆောင်ရန်၊
- မြန်မာအစိုးရမှ ၎င်း၏ နိုင်ငံတကာ ကတိကဝတ်နှင့် တာဝန်ဝတ္တရားများကို လေးစားလိုက်နာစေရေး လုပ်ဆောင်ရန်၊ နှင့်
- နိုင်ငံတကာရာဇဝတ်မှုများမြောက်သည့် ဆိုးရွားသော မြန်မာစစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု ဖော်ဆောင်နိုင်ရေး လိုအပ်သည့်အရေးယူမှုများ လုပ်ဆောင်ရန် နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံအခြေအနေအား နိုင်ငံတကာ ရာဇဝတ်တရားရုံးသို့ လွှဲပြောင်းနိုင်ရေး လုပ်ဆောင်ရန်။

**<u>ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်</u>**


- ခင်ဥမ္မာ၊ ရှေ့ပြေးအသံအဖွဲ့(PV)၊ info@progressive-voice.org

- ကိုတိန်ဦး၊ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံး(AASYC)၊ aasyc.ghq@gmail.com

- မွန်းနေလီ၊ ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံ(KWAT)၊ kwat.office@gmail.com


**ထောက်ခံလက်မှတ်ရေးထိုးထားသော (၃၆၄) ဖွဲ့မှာ -**

1. 8888 သွေးသစ် (မိုးညှင်း)
2. 88 Pwint Lin (Kachin)
3. Action Committee for Democracy Development (ACDD)
4. Active Women Development Initiative (AWDI)
5. Ah Lin Yaung Pan Taing Developing Group
6. Ahlin Tagar Rural Development Organization
7. Alin Thit Sar Development Group
8. Alinn Bhamaw Development Organization
9. Alinsaetamarn Library and Resource Center
10. All Arakan Civil Society Organization Partner (AACSOP)
11. All Arakan Students' and Youths' Congress (AASYC)
12. All Kachin Youth Union – AKYU
13. All Burma Federation of Youth Union

14. Amnesty Arakan Team
15. Anin Region Environmental Conservation Group
16. Ann Township Pipeline Monitoring Group
17. Another Alternative
18. Ar Ra Kha Foundation
19. Arakan CSO Network (ACN)
20. Arakan Humanitarian Coordination Team
21. Arakan Peasant Union
22. Arakan Students' Union (Arakan)
23. Arakan Students' Union – Universities of Rangoon
24. Arr Marn Thit Social Development Organization
25. Arr Thit Yaung Chi
26. Airavati
27. Association of Human Rights Defenders and Promoters (HRDP)
28. Athan - Freedom of Expression Activist Organization
29. Ayeyarwaddy West Development Organization (Minhla)
30. Ayeyarwaddy West Development Organization (Ngaphae)
31. Ayeyarwaddy West Development Organization (Magway Region)
32. Ayeyarwaddy CSOs Network
33. Ayeyarwaddy Youth Network
34. AYY Farmers Union
35. Ayyar Pyo May Women Development Organization
36. Ba Ann Media Group
37. Basic Lawyer Network
38. Bawa Ahlinn
39. Bee House
40. Beautiful Beach Development Network
41. Bu Thee Taung Youth Network
42. Burma Monitor (Research and Monitoring)
43. Center for Social Integrity
44. Chin Human Rights Organization
45. Chin Land Affairs Network
46. Chin State MATA Working Group
47. Chin Women Development Organization
48. Chin Youth Organization (Kanpalet)
49. Chin Youth Organization (Matupi)
50. Chin Resource Center
51. Chin Youth Organization (Mindat)
52. Citizen Action for Transparency (CAfT)
53. Civil Call
54. Community Association Development
55. Community Empowerment and Resilience Association (CERA)
56. Community Observer Association
57. Community Peace Support Group

58. Compassionate Hands Youth Humanitarian Promoters
59. Christian Social Service and Development Department (Pathein)
60. COMREG Community Response Group
61. Chinland Natural Resource Watch Group
62. Dama Ahlin Social Development Organization
63. Dawei Development Committee
64. Dawei Regions Farmer Union
65. Democratic Education Corner-DEC
66. Development Forces
67. Democratic Youth (Bago)
68. Democracy, Peace and Women Organization
69. Diversity and Public Truth
70. Doe Myae Civil Social Development Organization
71. Dawn Peace Foundation
72. Education (SPACE)
73. Edin Mon Youth Group
74. Educational Initiatives (EI)
75. Environmental Justice Group
76. Equality Myanmar (EQMM)
77. Ethnic Equality
78. Ever Green CBO
79. Famer Agricultural Network
80. Farmers and Land Rights Action Group
81. Federation of National Farmer/ Peasant Union
82. Former Political Prisoner Society (East Bago)
83. Free & Fair (youth) Network
84. Free and Justice
85. Free Education Service Organization
86. Freedom Society
87. Future Arr Man Thit Development Group
88. Future Light Center
89. Future Light (Sagaing)
90. Future Light Committee
91. Future Light Social Development Organization
92. Future Star Youth Organization
93. Future Women Association (FWA)
94. Future Young Pioneer Organization
95. Gayunarshin Social Development Organization
96. Generation Wave (GW)
97. Genuine People's Servants (GPS)
98. Golden Future Social Development Organization
99. Golden Heart Organization
100. Good Hope Foundation
101. Grip Hands

102. Harmony Youth Association
103. Helping Hand Organization
104. Hinthar Tagon
105. Hkumzup Development Committee
106. Hna Lone Hla (AL)
107. Hope for Children Development Organization
108. Hsar Ka Paw Group
109. Hsar Mu Htaw Group
110. Hsar Mu Waw Group
111. Htaw Me Par Group
112. Htoi San Local Development Organization
113. Htoi Gender and Development Organization
114. Htoi Gin Tawng
115. Htum Thit Sa Rural Development Organization
116. Human Rights Foundation of Monland
117. IFI Watch Myanmar
118. Justice Movement for Community - Innlay
119. Justice Action Group
120. Ka Nyunt Kwin Youth Center
121. Kachin Peace Network
122. Kachin Women Peace Network (KWPN)
123. Kachin Women's Association Thailand (KWAT)
124. Kachin Women's Union
125. Kanpetlet Land Development Organization
126. Karen Environmental and Social Action Network (KESAN)
127. Karen Human Rights Group (KHRG)
128. Karen Peace Support Network (KPSN)
129. Karen Student Network Group (KSNG)
130. Karen Women's Organization (KWO)
131. Karen Women Union (KWU)
132. Karen Youth Organization (KYO)
133. Karenni Civil Society Network (KCSN)
134. Karenni Ever Green
135. Karenni Human Rights Group (KnHRG)
136. Karenni MATA
137. Karenni National Women Organization (KNWO)
138. Karenni National Youth Organization
139. Karenni State Farmer Union
140. Kaung Myat Hnalonethar Health Care Organization
141. Kawyaw National Youth Organization (KyNYO)
142. Kayan Earth Right Action Network
143. Kayan New Generation Youth
144. Kayan Women Organization
145. Kayin Culture and Literature Committee (Thaton)

146. Keng Tung Youth
147. Khaing Myae Thitsar Development Committee
148. Kindness Foundation (Karen)
149. Karuna Mission Social Solidarity (Pathein)
150. Karen Open Group (KOG)
151. Kyaik Hti Yo Mountain Range Lover Association
152. Kyaingtone Youth
153. Kyaukpyu Rural Development Association
154. Kyike Mayaw MATA
155. Kyonemaku Chaung Network
156. LAIN Technical Support Group
157. Lan Pya Kyal Sin Group
158. LatButta Farmer Union
159. Lawngbit Hkawng
160. Legal Aid for Human Rights (Shan State)
161. LIAN Technical Support Group
162. Life Light
163. Light House Ayeyarwaddy Network
164. Light Social Development Organization
165. Lin Lett Kyal Social Development Organization
166. Lisu Civil Society Network
167. Living Water Organization
168. Local Development Network (LDN)
169. Loi Yang Bum Community Development
170. Loka Ahlinn (Social Development Organization)
171. Lu Mu Htar Group
172. Ma Day Island Youth Development Association
173. Ma Haw tha Htar Group
174. Mass Movement Acceleration Network
175. MATA Mandalay
176. MATA Sagaing Region
177. Matupi Women Association
178. Mawduklarmae Social Development Association (MSDA)
179. May Doe Arrman Women Development Organization
180. Metta Development Foundation
181. Mhine Nyein Network (Bago)
182. Mi Karen Youth
183. Minggalar Foundation
184. Mitta Yaung Sin Youth Group
185. Mone Chaung Lover
186. Mon Area Community Development Organization (MACDO)
187. Mon Green Develop Group
188. Mon Region Social Development Network
189. Mon Social Development and Peace Network

190. Mon State CSO Network
191. Mon Youth Organization (zobbu)
192. Mon Youth Progressive Organization (MYPO)
193. Mong Pan Youth Association
194. MRDJO Magway Regional Rules of law and Justice group
195. Mu Se Multi Development Association (မူစဲကမ်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအသင်း)
196. Mudon CSO Network
197. Mudon Township Development Group
198. Myaebon Youth Association
199. Myanmar Cultural Research Society (MCRS)
200. Myanmar Digital Rescue (MDR)
201. Myanmar People Alliance (Shan State)
202. Myit Ma Ayeyarwaddy Development Organization
203. Mwetaung Area Development Group
204. Nam Shani Organization
205. Namkyeo Parahita Foundation
206. Nann Kyar Youth Association
207. NeT Organization
208. Nyan Lynn Thit Analytica
209. Olive Organization
210. Open Development Foundation
211. Oway Education and Youth Institute
212. Pa-O Women's Union
213. Pa-O Youth Organization (PYO)
214. Pan Tain Shin Women Rural Development Organization
215. Pan Thi Kyo LGBT Organization
216. Parshan River Maintenance Committee
217. Pauk Khaung Youth Network
218. Paung Ku
219. Paung Sie Ayar
220. Paungsee Myittar Organization
221. Peace & Development Center Meiktila
222. Peace and Development Initiative - Kintha
223. Peace and Rule of Law Acceleration Network (PRLAN)
224. Peace Bike Tour
225. Peace for Youth
226. Peace Working Committee (PWC)
227. Peace, Development & Civic Engagement (P.D.CE)
228. Peasant Legal Aid Network (PLAN)
229. People for People (PFP)
230. People Oriented and Development Group
231. Phyu Sin Mitta
232. Phyu Sin Myittar Social Development Organization
233. Pone Yate Sit Regional Development Organization

234. Progressive Voice
235. Pwint Phyu Development Organization
236. Pyar Taung Conservation Group
237. Pyay Division Mhine Peace Network
238. Pyi Thue A Kyoe Pyue Group
239. Pyoe Organization
240. Ra Kha Yin Thwe
241. Rakha Arr Marn Group
242. Rakha Strength Social Development Organization
243. Rakhaing Women's Union
244. Rakhine Ethnics Congress
245. Rakhine National Network (Lay Taung)
246. Rakhine Social Network (Myaebon)
247. Rakhine State Civil Society Organizations Peace Committee
248. Rakhine State Disabilities Organization
249. Rakhine Women Network
250. Rakhine Youth Generation
251. Rakhine Youth New Generation Network
252. Ran Byae Township Development Group
253. Reliable Organization
254. Retired Voluntary Group
255. Rivers and Creeks Monitoring Group
256. Rule of Law Watch Group
257. Regional Development Organization
258. Rural Social Development Organization
259. Sabae and Kyay Sin Mining Watch Group
260. Sanpya Social Development Group
261. Sarnar Kyi Phyu Social Development Organization
262. SarPhyu Farmer Network
263. Saytana Shaesaung Youth Organization
264. Sein Lan Lwin Pyin Group (Laputta)
265. Sein Lan Pyin Oo Lwin
266. Sein Lann Mon Myay
267. Shan Literature
268. Shan MATA Working Group
269. Shan State Peace Taskforce
270. Shan Women Development Network
271. She Sawng Kyea Women Group (Karmai)
272. Shining Star Interfaith and human rights Group
273. Shwe Min Thar Foundation
274. Shwe Nathar Farmer Development Organization
275. Shwe Pain Nyin Group
276. Shwe Pan Pyo Lat (Education, Women and Child Support)
277. Shwe Thinkha Social Development Organization

278. Shwechinthae Farmers Network
279. Shwechinthae Social Service Group (Shwebo)
280. Sit Man Thaw Sanda Social group
281. SKY-Youth, Kyaukphyu
282. Social Development and Peace Network
283. Social Program Aid for Civic
284. Star Way Organization
285. Student and Youth Congress of Burma - SYCB
286. Swam Su Ti Rural Development Organization
287. Synergy Social Harmony Organization
288. Ta'ang Women's Organization
289. Tampadipa
290. Tanintharyi MATA
291. TaungGoke Public Service Committee
292. Tedim Youth Fellowship
293. Than Dwe Development Association
294. Than Lwin Thar Chin group
295. Thanlwin Network
296. Thazin - Legal Aid Group
297. The Seagull:Human Rights, Peace & Development
298. Thin Gan Taung Waterfall Group
299. Thint Myat Lo Thu Myar (Peace Seekers and Multiculturalist Movement)
300. Third Eye Organization (Mindat)
301. Thwee CSO
302. Together Thanlyin
303. Tonzang Youth Fellowship
304. Township Leading Group (Waingmaw)
305. Transparency and Accountability Network Kachin State
306. Tree Lover group
307. Uakthon Local Social Development Organization
308. Union of Karenni State Youth
309. Universities of Kachin Literature And Culture Federation
310. Upper Myanmar Watch Group
311. Waingmaw CSO Network
312. Waingmaw Lisu Development Association
313. Wan Lark Development Foundation
314. White Hand Social Welfare Group
315. Windayea Village Social group
316. Women Development Group (Bago)
317. Women Empowerment Group
318. Women for Women Foundation (WWF)
319. Women's Peace Network
320. Worker Development Organization
321. World View Monitoring and helping Group

322. Yae Aye Alliance Development Group
323. Yai Ywal Yar Youth Development Organization
324. Yangon MATA
325. Yangon Youth Network
326. Yatanar Youngyi Social Development Organization
327. Yaung Chi Thit Public Library group
328. YoeMa Civil Society Group
329. Young Ni Oo Social Development Organization
330. YOUNITY
331. Youth Arr Man Group
332. Youth For A New Society (YNS)
333. Youth Initiative for Human Rights
334. Youth Society Network
335. Zo Youth Organization
336. Zomi Students and Youth Organization
337. Zomin Youth Association
338. ကချင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(တက္ကသိုလ်များ) အသင်းချုပ်
339. ငြိမ်းသံလွင်ဖောင်ဒေးရှင်း
340. စည်းလုံးရောလူမှုအဖွဲ့အစည်းစကားဝိုင်း
341. ဆွေသဟာ လူမှုဖွံ့ဖြိုးရေးအဖွဲ့
342. ဒို့တာဝန်နိုင်ငံ့အရေးကွန်ရက်
343. မြစ်ဖျားရော
344. မိတ္ထီလာခရိုင် အလင်းတန်းအဖွဲ့
345. မေမြို့ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်
346. ရွှေတောင်တိုက်နယ်တောင်သူ့အားမာန်  ဝမ်းတွင်းမြို့နယ်
347. ရှမ်းပြည်ကချင်အမျိုးသားလုံးဆိုင်ရာကွန်ရက်
348. လေဖြတ်သူများကူညီစောင့်ရှောက်ရေးအသင်း မြန်မာ(SAM)
349. လောကပါလတရားမြှင့်တင်ရေးကွန်ရက်
350. သန္တိသုခအခမဲ့လူမှုကူညီရေးအသင်း
351. လွတ်လပ်သောအရှိုချင်းများအင်အားစု
352. ပြည်သာယာဌာနေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (PTY-Group)
353. ရွှေခြံမြေကွန်ရက်၊ ကွမ်းခြံကုန်းမြို့နယ်၊
354. ရပ်ရွာငြိမ်းချမ်းရေး နှင့် ဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့၊ ကလေးမြို့နယ်၊  စစ်ကိုင်းတိုင်းဒေသကြီး။
355. ဒို့လယ်ယာ ကွန်ရက်၊ ဟသ်ာတမြို့နယ်၊ ဧရာဝတီ
356. လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကွန်ရက်၊ ချောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။
357. အလုပ်သမားအဖွဲ့ဖွဲ့စည်းပေါ်ပေါက်ရေးနှင့်အမျိုးသမီး အခွင့်အရေး အသိပညာပေးရေး (ပဲခူးကွန်ရက်) ပဲခူးတိုင်းဒေသကြီး။

358. တောင်သူလယ်သမားများနှင့် ရေလုပ်သားများ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးကွန်ရက်၊ မြစ်ကျိုးတိုက်နယ်၊ ပဲခူးတိုင်းဒေသကြီး။

359. ဥသျှစ်ပင် လူငယ်ကွန်ရက်၊ ဥသျှစ်ပင်မြို့၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

360. Peasants' Legal Aid Network – Arakan , မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ်။

361. မွန်လူငယ်ကွန်ရက် -ရေး၊ ရေးလမိုင်း၊ မွန်ပြည်နယ်။

362. လူမှုဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကွန်ရက်၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်။

363. Ramkhye - ရမ်းခေး၊ မြစ်ကြီးနားကွန်ရက်၊ ကချင်ပြည်နယ်။

364. Justice Drum ကွန်ရက်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။